# အစည်းအဝေးအတွက် အသိပေးစာ

**သို့-**___________________________________
(မိဘ/ ပညာရေးဆိုင်ရာ တရားဝင် ဆုံးဖြတ်ချက်ချသူ)

**ရက်စွဲ**___________________________________

___________________________________**ကိုယ်စား**
(ကျောင်းသားအမည်)

**လိပ်စာ-**___________________________________

___________________________________

**အဆိုပြုထားသည့် အစည်းအဝေး ရက်စွဲ၊ အချိန်နှင့် နေရာ-**___________________________________

___________________________________

**<u>အကဲဖြတ်မှုကို ပြန်လည်သုံးသပ်ရန်နှင့် အကျုံးဝင်မှုရှိမရှိ ဆုံးဖြတ်ရန် အစည်းအဝေး</u>**

□ သင့်ကလေးအား အကဲဖြတ်မှု သို့မဟုတ် ပြန်လည်အကဲဖြတ်မှု ရလဒ်များကို ယခုကြည့်ရှုနိုင်ပါပြီ။ ကျွန်ုပ်တို့သည် ဥပဒေအရ သင်ပံ့ပိုးပေးခဲ့သည့် အကဲဖြတ်မှု သို့မဟုတ် အချက်အလက်များ၊ လက်ရှိစာသင်ခန်းတွင် ဆန်းစစ်ချက်နှင့် စောင့်ကြည့်လေ့လာချက်များနှင့် ဆရာ သို့မဟုတ် အခြားကျောင်းဝန်ထမ်းများ၏ စောင့်ကြည့်သတိပြုမိသည်များ အပါအဝင် အကဲဖြတ်မှု/ဆန်းစစ်ချက် အချက်အလက်များကို သင့်အမြင်ထည့်သွင်းစဉ်းစား၍ အောက်ပါတို့ကို ဆုံးဖြတ်နိုင်ရန် သင်နှင့်တွေ့ဆုံရမည်-

1) **သင့်ကလေး၏ ပညာရေး အောင်မြင်မှု၊ လုပ်ဆောင်မှုစွမ်းရည်နှင့် ပညာရေး လိုအပ်ချက်များ၊**
2) **သင့်ကလေးတွင် တစ်မူထူးခြားမှု ရှိမရှိ သို့မဟုတ် ဆက်လက်၍ရှိမရှိ၊**
3) **သင့်ကလေးသည် အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများ လိုအပ်ခြင်း ရှိမရှိတို့ဖြစ်သည်။**

**<u>တစ်ဦးစီအလိုက် ပညာရေး အစီအစဉ် (IEP) ဆွဲနိုင်ရန် အစည်းအဝေး</u>**

**တစ်မူထူးခြားသည့် ကလေးတစ်ဦး၏ မိဘအနေဖြင့် သင်သည် သင့်ကလေး၏ လိုအပ်ချက်များအကြောင်း ဆွေးနွေးရန်နှင့် တစ်ဦးစီ အလိုက် ပညာရေး အစီအစဉ် (IEP) ဆွဲနိုင်ရန် အစည်းအဝေးတိုင်းအတွက် 10 ရက်ကြိုတင်၍ စာဖြင့်ရေးသား အသိပေးစာ ရယူခွင့် ရှိသည်။ စာဖြင့်ရေးသား အသိပေးပြီး 10 ရက်မပြည့်မီ အစည်းအဝေးလုပ်ရန် သဘောတူခွင့်ပြုချက် ပေးနိုင်သည်။**

□ အထူးပညာရေးနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုများအတွက် သင့်ကလေး အကျုံးဝင်ပါက သို့မဟုတ် ဆက်လက်၍ အကျုံးဝင်နေပါက IEP အဖွဲ့သည် သင့်ကလေးအတွက် တစ်ဦးစီအလိုက် ပညာရေး အစီအစဉ် (IEP) တစ်ရပ်ကို ရေးဆွဲပြီး သင့်လျော်သည့် နေရာထားရှိမှုကို ဆုံးဖြတ်ပေးမည်။

ဤအဖွဲ့သည် ယခင် သင်လက်မှတ်ထိုးခဲ့သည့် အကဲဖြတ်ကြောင်း သို့မဟုတ် ပြန်လည်အကဲဖြတ်ကြောင်း ကြိုတင်၍ စာဖြင့်ရေးသား အသိပေးချက်နှင့် သဘောတူခွင့်ပြုချက် တောင်းခံချက်တွင် ဆောင်ရွက်မည်ဟု ဖော်ပြခဲ့သည့် အကဲဖြတ်မှု လုပ်ထုံးလုပ်နည်းအရ ရလဒ်များအပေါ် အခြေခံပြီး ဆုံးဖြတ်ချက်ချသွားမည်။ ကျွန်ုပ်တို့အဖွဲ့သည် သင့်ကလေး၏ အားသာချက်များနှင့် သင့်ကလေး ပညာရေး ပိုမိုကောင်းမွန်စေရန် သင်အကြံပြုချက် မှန်သမျှကိုလည်း ထည့်သွင်းစဉ်းစားပေးသွားမည်။

□ သင့်ကလေး၏ တစ်ဦးစီအလိုက် ပညာရေး အစီအစဉ် (IEP) အတွက် ဖြစ်နိုင်သည့် ပြောင်းလဲမှုများကို ဆွေးနွေးမည်။

□ သင့်ကလေး၏ တစ်ဦးစီအလိုက် ပညာရေး အစီအစဉ် (IEP) အား နှစ်စဉ်သုံးသပ်ချက်တစ်ခု လုပ်သွားမည်။

□ မျှော်မှန်းထားသည့် ဤ IEP ကြာချိန်အတွင်း သင့်ကလေး အနည်းဆုံး အသက် 14 နှစ်ပြည့်မည်ဆိုပါက IEP အဖွဲ့သည် ကူးပြောင်းမှုဆိုင်ရာ ဆန်းစစ်ချက်များနှင့် ကူးပြောင်းမှု ဝန်ဆောင်မှုများအပေါ် အခြေခံပြီး ကျောင်းမှသည် ကျောင်းပြီး လုပ်ရှားမှုများသို့ ရွှေ့ပြောင်းနိုင်ရန်အတွက် ဒုတိယအဆင့်လွန် ရည်မှန်းချက်များ ချမှတ်သွားမည်။ ဒုတိယအဆင့်လွန်

ရည်မှန်းချက်များနှင့် ကူးပြောင်းမှု ဝန်ဆောင်မှုများကို IEP အဖွဲ့က သင့်လျော်သည်ဟု ဆုံးဖြတ်ပါက 14 နှစ်မပြည့်မီ ထည့်သွင်းစဉ်းစားနိုင်သည်။ ဤအစည်းအဝေးတွင် ပါဝင်ရန် သင့်ကလေးကို ကျောင်းက ဖိတ်ခေါ်ပါသည်။

□ အခြား

ဖက်ဒရယ်နှင့် ပြည်နယ်ဥပဒေအရ ကျွန်ုပ်တို့၏ IEP အစည်းအဝေးတွင် သင်အပြင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်ရမည် (ဖော်ပြပါစာရင်းကိုကြည့်ပါ)။ ဖက်ဒရယ်နှင့် ပြည်နယ်ဥပဒေအရ ခွင့်ပြုထားသည့်အတိုင်း ပုံမှန်ပညာရေး တာဝန်ခံဆရာ၊ အထူးပညာရေး တာဝန်ခံဆရာ သို့မဟုတ် အထူးပညာရေး ပံ့ပိုးသူတို့ကိုလည်း ကျောင်းကိုယ်စားလှယ်အဖြစ် ရွေးချယ် နိုင်သည်။ ဖက်ဒရယ်နှင့် ပြည်နယ်ဥပဒေအရ ခွင့်ပြုထားသည့်အတိုင်း အကဲဖြတ်မှု ရလဒ်များကို အဓိပ္ပာယ် ကောက်ယူနိုင်သူမှာ ပုံမှန်ပညာရေး တာဝန်ခံဆရာ၊ အထူးပညာရေး တာဝန်ခံဆရာ သို့မဟုတ် အထူးပညာရေး ပံ့ပိုးသူ၊ ကျောင်းကိုယ်စားလှယ် သို့မဟုတ် သင့်ကလေးနှင့် ပတ်သက်ပြီး အသိပညာ သို့မဟုတ် အထူးကျွမ်းကျင်မှုရှိသည့် အခြားပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်နိုင်သည်။

1. သင့်ကလေး၏ ပုံမှန်ပညာရေး တာဝန်ခံဆရာ
2. သင့်ကလေး၏ အထူးပညာရေး တာဝန်ခံဆရာ သို့မဟုတ် အထူးပညာရေး ပံ့ပိုးသူ
3. ကျောင်းကိုယ်စားလှယ်
4. အကဲဖြတ်မှု ရလဒ်များအရ လိုက်နာရမည့် ကိစ္စရပ်များကို အဓိပ္ပာယ်ကောက်ယူနိုင်သူ
5. သင့်ကလေးနှင့် ပတ်သက်ပြီး အသိပညာ သို့မဟုတ် အထူးကျွမ်းကျင်မှုရှိသည့် အခြားပုဂ္ဂိုလ်(များ)
   (ကျောင်း၏ဆုံးဖြတ်ချက်အလျောက်)-

   ______________________________(ရာထူး) ____________________________(ရာထူး)

6. ကနဦး IEP ဖြစ်ပြီး သင့်ကလေးသည် အပိုင်း C မှ အပိုင်း B သို့ ကူးပြောင်းနေကာ Part C ကိုယ်စားလှယ်တစ်ဦး ပါဝင်ရန် သင်တောင်းဆိုခဲ့ပါက ထို အပိုင်း C စနစ် (မသန်စွမ်းသည့် ရင်ခွင်ပိုက်နှင့် လေးဘက်ထောက်အရွယ် ကလေးသူငယ်များ အတွက် လက်ဦးမှုရယူ ကြားဝင်ထောက်ပံ့ရေး အစီအစဉ်) ၏ ကိုယ်စားလှယ်တစ်ဦး။

7. ကျောင်းသား ____________________________________________ အတွက် ဖက်ဒရယ်နှင့် ပြည်နယ်စည်းမျဉ်း ဥပဒေများအရ ကျွန်ုပ်တို့ခရိုင်သည် သင့်သား/သမီးကို ဒုတိယအဆင့်လွန် ရည်မှန်းချက်များနှင့် ကူးပြောင်းမှု ဝန်ဆောင်မှု များကို ထည့်သွင်းစဉ်းစားပါက IEP အစည်းအဝေးကို တက်ရောက်ရန် ဖိတ်ခေါ်သွားမည်။ ဒုတိယအဆင့်လွန် ရည်မှန်းချက် များနှင့် ကူးပြောင်းမှု ဝန်ဆောင်မှုတို့ကို မည်သည့်အသက်အရွယ်တွင်မဆို ထည့်သွင်းစဉ်းစားနိုင်သော်လည်း သင့်ကလေး အသက် 14 နှစ်ပြည့်ချိန်တွင် အသုံးပြုရမည့် IEP တွင် မဖြစ်မနေ ပါဝင်မည်။

| |
|---|
| လိုအပ်ပါက သင့်သဘောတူခွင့်ပြုချက်ဖြင့် ကူးပြောင်းမှုဝန်ဆောင်မှုများ/ချိတ်ဆက်မှုများ ပေးနိုင်မည့် အခြား အေဂျင်စီ ဝန်ထမ်းများကို ကျွန်ုပ်တို့ အစည်းအဝေးများတွင် ဖိတ်ခေါ်သွားမည်။ ၎င်းတို့ကိုယ်စားပြုသည့် အေဂျင်စီ များကို အောက်တွင်ပြထားသည်-<br><br>________________________________ ________________________________ |

မိဘဖြစ်စေ၊ အသက် 18 နှစ်ပြည့်ပြီးသည့် ကျောင်းသားဖြစ်စေ ဤအစည်းအဝေးကို တက်ရောက်ရန် အရေးကြီးသည်။ မိဘများသည် အသက်မပြည့်သေးသည့် ၎င်းတို့သားသမီးများကို ဤအစည်းအဝေးသို့ ဖိတ်ခေါ် နိုင်သည်။ အသက် 18 နှစ်နှင့်အထက် ကျောင်းသားများသည် ၎င်းတို့မိဘများကို ဖိတ်ခေါ် နိုင်သည်။ ထို့ပြင် သင်သည် ကျောင်းသား၏ လိုအပ်ချက် များအကြောင်း သိရှိနားလည်သူ တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုပြီး ခေါ်လာခွင့် ရှိသည်။ Kansas ပြည်နယ် နားမကြား ကျောင်း သို့မဟုတ် Kansas ပြည်နယ် မျက်မမြင်ကျောင်းတို့မှ ပုဂ္ဂိုလ်တစ်ဦးကိုလည်း IEP အစည်းအဝေး တက်ရောက်ရန် မေတ္တာရပ်ခံနိုင်သည်။ ဤအစည်းအဝေးသည် အကဲဖြတ်မှုကို ပြန်လည်သုံးသပ်ရန်နှင့် အကျုံးဝင်မှုရှိမရှိ ဆုံးဖြတ်ရန်ဖြစ်ပါက အကဲဖြတ်မှု အစီရင်ခံစာ မိတ္တူတစ်စောင်ကို ဆုံးဖြတ်ချက်ချပြီး သင့်လျော်သည့်အချိန်အတွင်း သင့်ထံပေးပို့မည်။ ဤအစည်းအဝေးသည် IEP ဆွဲရန်ဖြစ်ပါက ကျွန်ုပ်တို့ အစည်းအဝေးမစမီ သင့်ကလေး၏ ပညာရေး မှတ်တမ်းများကို

သင်ရယူကြည့်ရှုခွင့်ရှိသည်။ အထက်ပါ ရက်စွဲ၊ အချိန် သို့မဟုတ် နေရာတို့ သင့်အတွက် အဆင်မပြေလျှင် ဖြစ်စေ၊ အကဲဖြတ်မှု ရလဒ်များကို ပြန်လည်သုံးသပ်ရန် ချိန်းဆိုလိုပါက

________________________________ထံ____________________မှတစ်ဆင့်ချက်ချင်းဆက်သွယ်ပါ။

(ကျောင်းမှဆက်သွယ်ရန်ပုဂ္ဂိုလ်) (ဖုန်းနံပါတ်)

**မိဘများ၏ အခွင့်အရေးများကို ကာကွယ်ပေးရန် လုပ်ထုံးလုပ်နည်းအရ အဟန့်အတားများ**

ကလေးသူငယ်များ၏ ပညာရေးနှင့် ပတ်သက်သည့် ပြည်နယ်နှင့် ဖက်ဒရယ် ဥပဒေနှစ်ရပ်စလုံးတွင် ချွင်းချက်အချို့မှလွဲပြီး မိဘများ၏ အခွင့်အရေးများစွာ ပါဝင်သည်။ သင့်ကလေးနှင့် ပတ်သက်ပြီး ကျောင်းမှဆောင်ရွက်လိုသည်များကို အသိပေးခြင်းခံရရန်နှင့် သင့်ကလေး၏ ပညာရေးဆိုင်ရာ အစီအစဉ်ချမှတ်ရေးအဖွဲ့၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်ခွင့် တို့သည် သင့်အားပေးအပ်ထားသော ဥပဒေများအရ အခွင့်အရေး နမူနာများ ဖြစ်ကြသည်။ ဤဥပဒေများအရ သင့်အခွင့် အရေးများကို သင်သိရှိရန်နှင့် ထိုအခွင့်အရေးများကို ကျင့်သုံးရန်အတွက် အခွင့်အလမ်းရှိရန် သင့်ကျောင်းသည် လုပ်ထုံး လုပ်နည်းအချို့ကို လိုက်နာရန် လိုအပ်သည်။ သင့်အခွင့်အရေးများ ဖော်ပြထားသည့် စာမိတ္တူတစ်စောင်ကို သင်တောင်းဆို ပါက ထုတ်ပေးမည်ဖြစ်ပြီး တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ်လည်း ပေးသွားမည်။ ၎င်းစာကို သေချာစွာ ဖတ်ရှုပြီး သင့်အခွင့်အရေးများအကြောင်း မေးမြန်းလိုသည်များရှိပါက ကျောင်း၏ အထူးပညာရေး ညွှန်ကြားရေးမှူး သို့မဟုတ် အထူးပညာရေး ပူးပေါင်းတာဝန်ခံထံ ဆက်သွယ်နိုင်သည်။

**နောက်ထပ်အချက်အလက်များ**

တစ်မူထူးခြားသည့် ကလေးသူငယ်များကို ပညာသင်ကြားခြင်းဆိုင်ရာ ဖက်ဒရယ်နှင့် ပြည်နယ် ဥပဒေများနှင့် ၎င်းဥပဒေများမှ အပ်နှင်းထားသည့် မိဘတို့၏ အခွင့်အရေးများ (လုပ်ထုံးလုပ်နည်းဆိုင်ရာ အဟန့်အတားများ) ကို သင်နားလည်နိုင်ရန် ဖော်ပြပါ ရင်းမြစ်များသို့ ဆက်သွယ်၍ အကူအညီရယူနိုင်သည်- Kansas ပြည်နယ် ပညာရေးဌာန 800-203-9462၊ Kansas မသန်စွမ်းသူများစင်တာ (DRC) (877) 776-1541၊ Families Together, Inc. 800-264-6343 နှင့် Keys for Networking 785-233-8732။

**ပေးပို့ခြင်း**

ကျွန်ုပ်၊ ________________________________________ သည်

☐ ကိုယ်တိုင် ပေးပို့ခဲ့သည်၊ ☐ စာတိုက်မှ ပေးပို့ခဲ့သည်၊ ☐ အခြား _______________

(သီးသန့်ဖော်ပြပေးပါ)

ဤအသိပေးစာကို _________________________ ထံသို့ _______________တွင်ပေးပို့သည်။

(အမည်) (ရက်စွဲ)

**ပြန်ကြားမှု**

□ ကျွန်ုပ်သည် အစည်းအဝေးကို ပုံမှန်အတိုင်း တက်ရောက်ရန် စီစဉ်ထားသည်

□ ကျွန်ုပ်သည် ဤအစည်းအဝေးကို စီစဉ်ထားသည့်အတိုင်း မတက်ရောက်နိုင်ဘဲ အစည်းအဝေးကို နောက်ရက်စွဲ၊ အချိန် သို့မဟုတ် နေရာတွင် ပြန်လည်ချိန်းဆိုလိုသည်။ ကျွန်ုပ်သည် ဖော်ပြပါ ရက်စွဲနှင့် အချိန်များတွင် အစည်း အဝေး တက်ရောက်နိုင်ပါသည်-

____________________________________________________________

□ ကျွန်ုပ်သည် ကျွန်ုပ်ကလေးအတွက် IEP ဆွဲရန်၊ ပြန်လည်သုံးသပ်ရန် သို့မဟုတ် တည်းဖြတ်ရန် အစည်းအဝေး အကြောင်း 10 ကြိုတင်၍ စာဖြင့်ရေးသား အသိပေးစာ ရယူခွင့်ကို စွန့်လွှတ်ရန် သဘောတူပါသည်။

□ ကျွန်ုပ်၏ ဤအစည်းအဝေး တက်ရောက်ခွင့်ကို စွန့်လွှတ်ပါသည်။ ကျွန်ုပ်မပါဘဲ အစည်းအဝေးလုပ်နိုင်ပါသည်။

____________________________________ ရက်စွဲ____________________
(မိဘ/ ပညာရေးဆိုင်ရာ တရားဝင် ဆုံးဖြတ်ချက်ချသူ)

____________________________________ ရက်စွဲ____________________
(မိဘ/ ပညာရေးဆိုင်ရာ တရားဝင် ဆုံးဖြတ်ချက်ချသူ)